# "မြေပိုင်ဆိုင်မှု၊ တည်တံ့ခိုင်မြဲသည့် မြေအသုံးချမှုနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးတို့အား မြှင့်တင်ရန်" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဆော်ဩခြင်း

## *မြေယာအရေးလှုပ်ရှားသူများကွန်ယက် (Land in our hands) လူတိုင်းအတွက် စားနပ်ရိက္ခာ ရရှိရေး*

**အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ သစ်တောထဲတွင်နေထိုင်သူများ၊ ကျေးလက်နေ အမျိုးသမီးများ၊ ကျေးလက်နေ လူငယ်များနှင့် တိုင်းရင်းသား ရပ်ရွာလူထုများ၏ မြေယာပိုင်ဆိုင်ခွင့်များအား မြှင့်တင်ပေးရန်၊ ကာကွယ်ပေးရန်၊ လေးစားရန်နှင့် ဖြည့်ဆည်းပေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရ၊ လွှတ်တော်နှင့် တရားရေးအဖွဲ့တို့အား ဆော်ဩခြင်း။**

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်**

**နိဒါန်း - ကျွန်ုပ်တို့ မည်သူဖြစ်သည်နှင့် ဤကြေငြာချက်အား ပြုလုပ်ရသည့် အကြောင်းရင်း**

-  ကျွန်ုပ်တို့၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ အသေးစားလယ်သမားများ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် အခြားအရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုဖြစ်သည့် ***မြေယာအရေးလှုပ်ရှားသူများကွန်ယက်*** (Land in our hands) သည် "ကမ္ဘာ့စားနပ်ရိက္ခာနေ့" အား နှုတ်ခွန်းဆက်ရင်း ကျင်းပပါသည်။

-  ကျွန်ုပ်တို့သည် ဤနေ့အား ပြည်ထောင်စုအနှံ့ရှိ မိသားစုများနှင့်ရပ်ရွာလူထုများအား စားနပ်ရိက္ခာ ဖြည့်ဆည်းကျွေး မွေးသည့် ဤနိုင်ငံ စားနပ်ရိက္ခာ ထုတ်လုပ်မှု၏ ကျောရိုးဖြစ်သော အသေးစား လယ်သမားများ၊ ရေလုပ်သားများ၊ သစ်တောထဲတွင် နေထိုင်သူများ၊ ကျေးလက်နေ အမျိုးသမီးများ၊ ကျေးလက်နေ လူငယ်များနှင့် တိုင်းရင်းသား ရပ်ရွာလူထုတို့၏ အရေးကြီးသော အခန်းကဏ္ဍအား အသိအမှတ်ပြု၍ သတိတရ တန်ဖိုးထားသည့် အထိမ်းအမှတ် အနေဖြင့် ကျင်းပခြင်း ဖြစ်ပါသည်။

## ပြဿနာ

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်ရှိဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသော်လည်း ပုဂ္ဂလိက သို့မဟုတ် အများပြည်သူဆိုင်ရာ အဖွဲ့အစည်း ဆောင်ရွက်သူများ၏ စားနပ်ရိက္ခာလုံခြုံမှု အမည်ခံကာ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်း များ သို့မဟုတ် မြေသိမ်းဆည်းမှုများသည် ကြီးမားသည့်အတိုင်းအတာဖြင့် ဖြစ်ပွားမှုများ ပိုမိုမြင့်တက်လျှက်ရှိပါသည်။ ထိုသို့မြေယာပိုင်ဆိုင်မှု၊ လွှဲပြောင်းမှု အများစုမှာ မြေလွတ်မြေရိုင်း သို့မဟုတ် ပလပ်မြေ မြေများအနေနှင့် ပြုလုပ်သော်လည်း အဖြစ်အပျက်အများစုတွင် ရပ်ရွာလူထုများ၏မြေယာပိုင်ဆိုင်မှု အသုံးပြုမှု အပေါ် ထိခိုက်မှုများ တွေ့ရှိရသည်။ အထူးသဖြင့် ကျွန်ုပ်တို့ - အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသားရပ်ရွာလူထုများသည် နေရာရွှေ့ပြောင်းခံရခြင်းနှင့် အတင်းအဓမ္မ ဖယ်ရှားခံရခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စားနပ်ရိက္ခာ ထုတ်လုပ်ခြင်းနှင့် ရပ်တည်ရှင်သန်ခြင်းအတွက် အရေးကြီးဆုံး အရင်းအမြစ်များဖြစ်သည့် ကျွန်ုပ်တို့၏မြေယာနှင့်ရေ အရင်းအမြစ်တို့ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျှက်ရှိသည်။ ရလဒ်မှာ အလုပ်အကိုင်များ ဆုံးရှုံးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အပျက် သဘောဆောင်သည့် အကျိုးသက် ရောက်မှုများနှင့် လူမှုရေးဆိုင်ရာ မငြိမ်သက်မှုများကြီးထွားလာသည့်အပြင် မိမိကိုယ်တိုင်နှင့် မိမိရပ်ရွာလူထုများ၊ မိမိပြည်သူများ၏ စားနပ်ရိက္ခာထုတ်လုပ်နိုင်ခြင်းများ ဆုံးရှုံးစေသည်။

- ထိန်းချုပ်မှုမရှိခြင်း သို့မဟုတ် အဆိုးဖြစ်စေသည့် ထိန်းချုပ်မှုမျိုးနှင့် အဖွဲ့အစည်းဆိုင် ရာမူဘောင်များသည် ကျွန်ုပ်တို့၏မြေယာပိုင်ဆိုင်မှုအား ကာကွယ်ခြင်း၊ လေးစားခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့အပေါ် နိုင်ငံတော်၏ပံ့ပိုးမှု လစ်ဟင်းလာစေသည့်အပြင် တိုင်းပြည် နှင့် ၎င်း၏ပြည်သူများအား ကျွေးမွေးနေသည့် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင် သည့် အသေးစား စားနပ်ရိက္ခာစိုက်ပျိုးမှုများနှင့် ရေလုပ်ငန်းတို့အား ထောက်ပံ့ပေးခြင်း မရှိပါ။

## ကျွန်ုပ်တို့၏ အဓိကဆောင်ပြချက်နှင့် ခိုင်မာသည့်တောင်းဆိုချက်များ

တိုင်းပြည်တွင် ခိုင်မြဲသောငြိမ်းချမ်းရေးနှင့် အမှန်တကယ် မျှတပြီး တည်တံ့သည့် ဖွံ့ဖြိုးရေး ရရှိရန် နှင့် လက်ရှိ ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ပြုလုပ်ရာ တွင် ***မြေယာအရေးလှုပ်ရှားသူများကွန်ယက် (Land in our hands)*** မှ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအစိုးရ၊ လွှတ်တော်နှင့် တရားရေးအဖွဲ့တို့အား အသေးစားလယ်သမားများ နှင့်ရေလုပ်သားများ အထူးသဖြင့် ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသား ရပ်ရွာလူထုများ၏ မြေပိုင်ဆိုင်ခွင့်များအား မြှင့်တင်၊ ကာကွယ်၊ လေးစားပြီး

ဖြည့်ဆည်းပေးရန် တောင်းဆိုသည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် ပြည်ထောင်စုနိုင်ငံတော်အား -

၁။ အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသားရပ်ရွာလူထုများ၏ မြေရပိုင်ခွင့်များအား မြှင့်တင်ပေးခြင်း၊ ကာကွယ်ပေးခြင်း၊ လေးစားခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့အပေါ် အလေးထားသော အမျိုးသားမြေမူဝါဒနှင့် ဥပဒေ အား ပြုပြင်ပြောင်းလဲရန်၊

၂။ မြေမူဝါဒနှင့်ဥပဒေ ပြုပြင်ပြောင်းလဲရာတွင် အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသားရပ်ရွာလူထုများ၏ ကိုယ်စားလှယ်အားလုံးသည် ထိရောက်စွာ ပါဝင်နိုင်ရန်အတွက် နေရာဖန်တီးပေးပြီး ထောက်ပံ့ပေးရန်၊

၃။ တိုင်းရင်းသားပြည်သူများနှင့် ရိုးရာအစဉ်အလာအရ မြေပိုင်ဆိုင်မှုစနစ်များ အသုံးပြုလျှက်ရှိသော အခြားရပ်ရွာလူထုများ၏ မြေပိုင်ဆိုင်မှုစနစ်များအား အသိအမှတ်ပြု၊ ကာကွယ်၊ လေးစားပြီး ဖြည့်ဆည်းပေးရန်အတွက် လိုအပ်ပြီး သင့်တော်သည့်မူဝါဒ၊ တရားဝင်၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဘတ်ဂျက်နှင့်အညီ မူဘောင်များ ကျင့်သုံးရန်၊

၄။ အမျိုးသမီးများ၏မြေယာနှင့်အစားအစာ ရပိုင်ခွင့်များအား ပြုပြင်ပြောင်းလဲထားသည့်မြေအုပ်ချုပ်မှုဆိုင်ရာမူဘောင်အတွင်း ရရှိခြင်းသေချာအောင် ပြုလုပ်သွားရန်၊

၅။ တိုင်းရင်းသားပြည်သူများနှင့် ရိုးရာအစဉ်အလာအရ မြေပိုင်ဆိုင်မှုစနစ်များရှိသည့် အခြားရပ်ရွာလူထုများ၊ ထိုစိုက်ပျိုးမြေ၊ ရေလုပ်ငန်းများနှင့် သစ်တောများတွင် နေထိုင်သူများအတွက် မြေ၊ ရေလုပ်ငန်းများနှင့် သစ်တောများသည် လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် နိုင်ငံရေးအဓိပ္ပာယ်များနှင့် တန်ဖိုးများ ရှိကြသည်ကို အသိအမှတ်ပြုရန်၊

၆။ အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသား ရပ်ရွာလူထုများသည် ၎င်းတို့၏ရပ်ရွာလူထုတွင်ရှိသော မြေ၊ မြေဆီလွှာ၊ ရေလုပ်ငန်းများ၊ ရေနှင့် သစ်တောများအပေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်ပြီး မြေမူဝါဒနှင့်ဥပဒေတွင် မြှင့်တင်၊ ကာကွယ်၊ လေးစားပြီး ဖြည့်ဆည်းပေးရန်၊

၇။ လယ်သမားများ၊ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် ကဏ္ဍအသီးသီး၏ကိုယ်စားလှယ် အဖွဲ့ဝင်များအားလုံးတို့အား တစ်နိုင်ငံလုံးရှိ သဘာဝသယံဇာတများနှင့် မြေယာအခြေခံသော အငြင်းပွား မှုများအား ပါဝင်ဖြေရှင်းနိုင်ခြင်းကို ခွင့်ပြုသည့် မှန်ကန်သော တရားဝင်မြေယာအငြင်းပွားမှု ဖြေရှင်းရေးယန္တရားနှင့်စနစ်အား ဖန်တီးရန်၊

၈။ အသေးစား အစားအစာထုတ်လုပ်သူများနှင့် ဒေသခံ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသော ရပ်ရွာလူထုများအား အကာအကွယ်ပေးထားခြင်း သေချာစေ

ရန် သိရှိနားလည်မှုဖြင့် ကြိုတင်၍ လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက် (FPIC) နှင့် ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ စံချိန်စံနှုန်းများအား အာမခံပေးရန်၊

၉။ အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် တိုင်းရင်းသားရပ်ရွာလူထုများ၏ မြေ၊ ရေနှင့် သစ်တောရပိုင်ခွင့်များအား နိုင်ငံတော်၏ မြေမူဝါဒနှင့်ဥပဒေတွင် သင့်တော်သလိုမြှင့်တင်၊ ကာကွယ်၊ လေးစားပြီး ဖြည့်ဆည်းပေးခြင်းများ မပြုလုပ်မချင်း တိုင်းရင်းသားနယ်မြေများရှိ လက်ရှိ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ (လမ်းများနှင့် အကြီးစား ရေအားလျှပ်စစ်ရေကာတာများ အပါအဝင်) နှင့် မြေယာလွဲပြောင်းခြင်းမျိုးစုံ (သတ္တု တွင်းတူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် ကန်ထရိုက် လယ်ယာစိုက်ပျိုး ရေးအပါအဝင် စိုက်ပျိုးခြင်းများကဲ့သို့သော) တို့အား ပြုလုပ်နေခြင်းမှ တရားဝင်ဆိုင်းငံ့ထား ရန်၊

၁၀။ နောက်ဆုံးအနေဖြင့် စစ်မှန်သည့်ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအဖြေများ ရရှိရေးဆီသို့ ဦးတည်ဆောင်ရွက်ခြင်းတွင် ကျွန်ုပ်တို့၏မျှော်လင့်ချက်များနှင့် အသံများအား လက်ခံပြီး နားထောင်ပေးရန် စသည်တို့အား တောင်းဆိုသည်။

**အချုပ်အနေဖြင့် မြေယာအရေးလှုပ်ရှားသူများကွန်ယက် (Land in our hands)** မှ ယုံကြည်သည်မှာ အထက်ဖော်ပြချက် အားလုံးအား အလေးအနက် ထား၍ သင့်တော်သလို ကိုင်တွယ်ခြင်းများ မပြုလုပ်ပါက မြန်မာနိုင်ငံရှိ ပြည်သူအားလုံးတို့အတွက် ခိုင်မာသည့်ငြိမ်းချမ်းရေး နှင့် တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးရေးကို ရှာတွေ့မည် မဟုတ်ပါ။ ကမ္ဘာ့စားနပ်ရိက္ခာနေ့ သည် အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်နေ အမျိုးသမီးများ၊ ကျေးလက်နေ လူငယ်များနှင့် တိုင်းရင်းသားရပ်ရွာလူထုများသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးအား မည်မျှဖြည့်ဆည်းပေးလျှက်ရှိသည်ကို စဉ်းစားသုံးသပ်ရန် ကောင်းသောအချိန်ဖြစ်ရုံတင်မက ၎င်းတို့သည် ပိုမိုကောင်းမွန်ပြီး ပိုမိုတရားမျှတကာ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဆီသို့ အပြုသဘောအားဖြင့်ကူးပြောင်းရန် အားလုံးအတူတကွ ပါဝင်ဆောင်ရွက်ခဲ့သည်ကို လေ့လာသုံးသပ်ရန် အလွန်ကောင်းသော အချိန်လည်း ဖြစ်ကြောင်း အလေးထားတင်ပြအပ်ပါသည်။

ဆက်သွယ်ရန်

မောင်စည်သူ - ၀၉ ၄၀၁၃၇၀၆၀၅၂
စောအဲလက်စ် - ၀၉ ၂၅၄၂၀၇၈၄၂